**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ပေကျင်းမြို့**

No. 6 Dong Zhi Men Wai Street, Chao Yang District,

Beijing 100600, People's Republic of China

Tel : 0086 10 6532 0351, 6532 04554

Fax : 0086 10 65320408

## လုပ်ငန်းဗီဇာလျှောက်ထားသူများအနေဖြင့် နေထိုင်ခွင့်သက်တမ်း တိုးမြှင့်ခြင်းနှင့် ပြည်ပြန်ဝင်ခွင့် လျှောက်ထားခြင်းတို့ကို အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာခြင်း

လုပ်ငန်းဗီဇာလျှောက်ထားသူများအနေဖြင့် နေထိုင်ခွင့်သက်တမ်းတိုးမြှင့်ခြင်းနှင့် ပြည်ပြန်ဝင်ခွင့် လျှောက်ထားခြင်းတို့ကို အောက်ဖော်ပြပါအထောက်အထားများအား ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ပါကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဝက်ဆိုက်ဘ်ဖြစ်သည့် https://estay.moip.gov.mm ၌ ၁-၉-၂၀၂၅ ရက်မှစတင်၍ လွှင့်တင်ကြေညာထားပြီးဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(၁) သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်ရှိ ကိုယ်ရေးအချက်အလက်ပါစာမျက်နှာ၊

(၂) လုပ်ငန်းဗီဇာဖြင့် ဝင်ရောက်ခွင့်ပြုသည့် စာမျက်နှာ (သို့မဟုတ်) လေဆိပ်အဝင်တံဆိပ်ပါစာမျက်နှာ၊

(၃) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ ကုမ္ပဏီလိုင်စင်၊

(၄) ကုမ္ပဏီ Letter Head ဖြင့် ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးမှ နေခွင့်သက်တမ်းတိုးလျှောက်လွှာနှင့် လုပ်ငန်းလိုင်စင်၊

(၅) ကုမ္ပဏီသည် ဝန်ကြီးဌာနများနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ "ထောက်ခံပါသည်" ဟူ၍ ဖော်ပြပါရှိသည့် ထောက်ခံချက်၊

(၆) ကုမ္ပဏီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) ဖြစ်ပါက မြေပြင်တွင် လက်ရှိလုပ်ငန်း လုပ်ကိုင်ခြင်းရှိ-မရှိ၊ အလုပ်လုပ်ကိုင်သည့်မှာ မှန်ကန်ခြင်းရှိ-မရှိတို့အား သက်ဆိုင်ရာတိုင်းဒေသကြီးဦးစီးမှူး/ ပြည်နယ်ဦးစီးဌာနမှူးတို့၏ မြေပြင်ကွင်းဆင်းထောက်ခံချက်/ လုပ်ငန်းလိုင်စင်၊

(၇) နိုင်ငံခြားသားရောက်ရှိကြောင်း အစီရင်ခံစာ (Form C)၊

(၈) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် (FRC)၊

(၉) (၃) လအတွင်း ရိုက်ကူးထားသည့်ဓါတ်ပုံ။

**မြန်မာသံရုံး၊ ပေကျင်းမြို့**

**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR

012

BEIJING